# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

## (၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၄၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၁.၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၂ ရက်၊

(၂) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၈ ရက်၊

(၃) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော ခွင့် ၁ ရက်၊

(၄) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၃ ရက်၊

(၅) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၃ ရက်၊

(၆) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ် ခွင့် ၁ ရက်၊

(၇) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၃ ရက်၊

(၈) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၃ ရက်၊

(၉) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၁၀) ဒီမောဆိုမဲဆန္ဒနယ် ဦးစိုးရယ် ခွင့် ၁ ရက်၊

(၁၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၃ ရက်၊

(၁၂) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်နှင့်

(၁၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**စက်မှုဇုန်များ နိုင်ငံတကာအဆင့်မီ စီစဉ်ဆောင်ရွက်ရန်နှင့် စက်မှုဇုန်မြေယာ အငြင်းပွားမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ စက်မှုဇုန်နဲ့ပတ်သက်တဲ့မေးခွန်း မေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ မကြာမီကာလမှာ AFTA ၊ AEC စတာတွေနဲ့ တွေ့ကြုံကြရမှာဖြစ်သလို အမျိုးသားစီမံကိန်းမှာလည်း စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှု စတဲ့ကဏ္ဍသုံးရပ်မှာ အရင်တုန်းက AIS အဆင့်ကနေ ယနေ့ SIA အဆင့်အထိ ကူးပြောင်းတက်လှမ်းနိုင်ဖို့ ဆောင်ရွက်နေတဲ့အတွက်ကြောင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ဆောင်ရွက်ဖို့ လိုအပ်လာပြီဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။ သို့ပါသော်လည်း စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာမှာ စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေး အမြန်ဆုံးဆောင်ရွက်သွားမှာဖြစ်ကြောင်း ခြောက်လအတွင်း စက်မှုဇုန်ဖော်ထုတ်နိုင်ခြင်းမရှိတဲ့မြေကွက်တွေကို ပြန်လည်သိမ်းဆည်းသွားမှာဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးကနေ လွှတ်တော်အတွင်းမှာ လာရောက်ဖြေကြားခဲ့ပါသော်လည်း ယနေ့ တစ်နှစ်ဝန်းကျင်ရှိလာသည့်တိုင် စက်မှုဇုန်များ အောင်မြင်စွာဖော်ထုတ်နိုင်ခြင်းမရှိသေးတာကို လေ့လာတွေ့ရှိရပါတယ်။ ယခုလို စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ခြင်းမရှိခြင်းရဲ့ အခြေခံအကြောင်းတရား များစွာထဲမှာ အဓိကကျတဲ့အကြောင်းတရားနှစ်ခုကတော့ စက်မှုဇုန်တစ်ခုကို နိုင်ငံတကာအဆင့်မီဆောင်ရွက်ပေးနိုင်မှု အားနည်းခြင်းနှင့် မြေပိုင်ဆိုင်မှုကိစ္စတွေမှာ မူလမြေပိုင်ရှင်ဖြစ်ခဲ့တဲ့လယ်သမားများနှင့် အစိုးရထံကနေ သတ်မှတ်စျေးနဲ့ဝယ်ယူထားတဲ့ စက်မှုဇုန်ပိုင်ရှင်များကြားဖြစ်ပေါ်နေတဲ့ မြေပြဿနာကို ဖြေရှင်းပေးဖို့ တာဝန်ရှိတဲ့လယ်သမားထံမှ မြေသိမ်းခဲ့တဲ့ မြို့ရွာနှင့်

အိုးအိမ်ဖွံ့ဖြိုးဦးစီးဌာနက တာဝန်ရှိသူများအနေနဲ့ အုပ်ချုပ်ရေးအရ တာဝန်ရှိတဲ့ တိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့တွေပါ တာဝန်ယူဆောင်ရွက်ပေးခြင်းမရှိတဲ့အတွက် လက်ရှိစက်မှုဇုန်မြေနေရာ တွေမှာ ရထားတဲ့သူတွေထံကနေ မူလလယ်သမားတွေကနေ လျော်ကြေးတောင်းခံနေရတာကို တွေ့ရ မှာဖြစ်ပါတယ်။ ဒီအတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ စက်မှုဇုန် များကို နိုင်ငံတကာအဆင့်မီ စီစဉ်ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိပါသလား။ စက်မှုဇုန်အလုပ်သမား၊ အလုပ်ရှင်အရေးကို ပိုမိုထိရောက်အောင် မည်သို့ဆောင်ရွက်ထားပါသလဲ။ စက်မှုဇုန်မြေယာ အငြင်းပွားမှုတွေကို သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ တာဝန်ယူဖြေရှင်းပေးဖို့ အစီအစဉ်ရှိပါသလား ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပြီး အခုအစည်း အဝေးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပေါကြွယ်ဝတဲ့သယံဇာတများနှင့် လူအင်အားအရင်း အမြစ်များကို အသုံးချပြီး စက်မှုနိုင်ငံတော်ထူထောင်ရန် ရည်မှန်းထားရှိပြီးဖြစ်သဖြင့် စက်မှုဇုန်များ တွင် စက်ရုံများတည်ထောင်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်ရန် အခွင့်အလမ်းဖွင့်ပေးခြင်း၊ မက်လုံးများ ပေး၍ဆွဲဆောင်ခြင်း၊ စက်မှုလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျပံ့ပိုးကူညီပေးခြင်း၊ အကာအကွယ်ပေးခြင်းများကို ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတကာ အဆင့်မီ စက်မှုဇုန်များဖြစ်ပေါ်လာအောင် ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ တည်ထောင်ပြီး စက်မှု ဇုန်များကို ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် ရည်ရွယ်တည် ထောင်ထားတဲ့အပြင် ပြည်တွင်းရှိ လုပ်ငန်းရှင်အများစုမှာ နည်းပညာနှင့်အရင်းအနှီးတွင် အတွေ့ အကြုံနည်းပါးသဖြင့် နိုင်ငံတကာအဆင့်မီ စက်မှုဇုန်များအဖြစ်တည်ထောင်နိုင်ရန် နိုင်ငံခြားရင်းနှီး

မြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံတကာမှ Developer များ၊ Investor များအား ဖိတ်ခေါ်၍ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

စက်မှုဇုန်များ တိုးတက်ဖွံ့ဖြိုးရေးမှာ ပင်လယ်ဆိပ်ကမ်းကောင်းမွန်မှုသည် အဓိကကျတဲ့အချက်တစ်ရပ်ဖြစ်တဲ့အတွက် တိုင်းဒေသကြီး/ပြည်နယ်အချို့မှာ တည်ထောင်ထားတဲ့ ကုန်တွင်းပိုင်းဒေသစက်မှုဇုန်များအနေနဲ့ နိုင်ငံတကာအဆင့်မီစက်မှုဇုန်များအဖြစ် တည်ထောင်ရေးမှာ ပထဝီအနေအထားဆိုင်ရာ ကန့်သတ်ချက်များရှိနေသည်ကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တည်ထောင်ရေးတွင် နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းမှုကို ရှေ့ရှုသည့် ရေရှည်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတစ်ရပ်ကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ရေးဆွဲရန်လိုအပ်မှာဖြစ်ပါတယ်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနဟာ အလုပ်ရှင်၊ အလုပ်သမားများအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းမှုကို ရှေးရှုလျက် တည်ဆဲအလုပ်သမားဥပဒေ၊ နည်းဥပဒေများနှင့်အညီ စက်မှုဇုန်များရှိ အလုပ်သမားများအပါအဝင် တစ်နိုင်ငံလုံးရှိ ကာယ၊ ဉာဏလုပ်သားများအနေနဲ့ အခွင့်အရေးအပြည့်အဝရရှိ၍ လုပ်ငန်းခွင်အဆင်ပြေမှုရှိစေရန် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသလို ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်သမားများအား လူမှုအကာအကွယ်ပေးရေးဆောင်ရွက်လျက်ရှိတဲ့အပြင် အလုပ်သမား၊ အလုပ်ရှင်များ နှစ်ဦးနှစ်ဖက်အဆင်ပြေစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် International Labour Organization (ILO) ကဲ့သို့သော ပြည်ပအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ ဆွေးနွေးပွဲများ ရက်တိုသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ကျင်းပပြုလုပ်လျက်ရှိကြောင်း သိရှိရပါတယ်။

စက်မှုဝန်ကြီးဌာနအနေနဲ့လည်း စက်မှုဇုန်များတွင် ကျွမ်းကျင်လုပ်သားများရရှိစေရေးအတွက် ကြီးကြပ်မှုအောက်မှာရှိတဲ့ စက်မှုသင်တန်းကျောင်းများမှာ စက်မှုအခြေခံနည်းပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိတဲ့အပြင် ကျေးလက်နေပြည်သူများအတွက် စက်မှုအခြေခံအသိပညာပြန့်ပွားရေးအတွက် စက်မှုနည်းပညာဖွံ့ဖြိုးရေးတို့ကို အထောက်အကူပြုစေရန် စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍

ဖွင့်လှစ်လျက်ရှိပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများဖော်ဆောင်ရန် အမျိုးသားမြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟိုကော်မတီရဲ့ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအား စက်မှုဇုန်များရှိ မြေယာကိစ္စများအပါအဝင် တစ်နိုင်ငံလုံးရှိ မြေယာကိစ္စများနှင့်ပတ်သက်၍ မြေပိုင်ဆိုင်လုပ်ကိုင်ခွင့်များအား ဥပဒေနှင့်အညီ အာမခံပေးနိုင်ရေး၊ မြေယာကျူးကျော်သူများအား တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ နစ်နာမှုများကိုလည်း ကောင်းမွန်စွာ စိစစ်ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် စက်မှုဇုန်အသီးသီးမှ စီမံခန့်ခွဲကော်မတီကို ပူးပေါင်း၍ စက်မှုဇုန်များရှိ လုပ်ငန်းဆောင်ရွက်မှုမရှိတဲ့ မြေကွက်များကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကိုလည်း စတင်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)။** ။ ကျွန်တော်တို့ ဝန်ကြီးရဲ့ဖြေကြားချက်က ကျွန်တော် မေးတဲ့မေးခွန်းသုံးခုနဲ့ပတ်သက်ပြီးတော့ ဖြေကြားသွားတာတော့ မှန်ပါတယ်။ သို့သော် ယေဘုယျဆန်တဲ့အဖြေများဖြစ်ပါတယ်။ နံပါတ်(၁) ကျွန်တော်မေးသွားတဲ့ နိုင်ငံတကာအဆင့်မီနဲ့ ပတ်သက်လို့ ကျွန်တော် စက်မှုဇုန်များနှင့် သွားရောက်တွေ့ဆုံပါတယ်။ တွေ့ဆုံတဲ့အခါမှာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတွေဟာ အလွန်တရာမှ အားနည်းနေပြီဖြစ်ပါတယ်။ သူတို့အတွက် လိုအပ်တဲ့ အလုပ်သမားနှင့်ပတ်သက်တဲ့ ဆေးခန်းတွေ၊ လျှပ်စစ်မီးရရှိမှုတွေ ဘာမှပံ့ပိုးဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ ဒါကြောင့် အမှန်တကယ်လေ့လာကြည့်လိုက်ရင်လည်း အောက်ခြေမှာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတွေဟာ ပြိုကွဲလုမတတ်နဲ့ အခက်အခဲများစွာနဲ့ တွေ့ကြုံရလို့ ပထမမေးခွန်း မေးခြင်းဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ အလားတူပဲ စက်မှုဇုန်တွေမှာ ယနေ့ လစာနဲ့ပတ်သက်လို့ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒပြမှုတွေဖြစ်နေပါတယ်။ ဒါတွေဟာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီလည်း ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ ဒါတွေဟာ စက်မှုဇုန်တိုးတက်ဖို့အတွက် များစွာထိခိုက်နိုင်တဲ့ အချက်တွေဖြစ်ပါတယ်။ တတိယအချက်ကတော့ စက်မှုဇုန်အားလုံးကို လေ့လာရင် ဥပမာ ကျွန်တော်တို့ ရန်ကုန်မှာ စက်မှုဇုန်ဖော်ထုတ်စဉ်တုန်းကသိမ်းတာ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုး

ရေးဦးစီးဌာနဖြစ်ပါတယ်။ ဒီဇုန်တွေပေါ်လာတဲ့အခါမှာ ချပေးလို့ တရားဝင်ရတဲ့လူတွေက နိုင်ငံတော်ကိုငွေပေးပြီးတော့ စက်မှုဇုန်ထူထောင်ဖို့ မြေကွက်တွေရပါတယ်။ အဲ့ဒီလိုရတဲ့မြေကွက်တွေကို ယနေ့အမှန်တကယ် စက်မှုဝန်ကြီးဌာနက ခြောက်လအတွင်း ဆောင်ရွက်ရမယ်လို့ ပြောတဲ့အခါမှာ စက်ရုံဆောက်ဖို့သွားပါတယ်။ သွားတဲ့အခါမှာ မူလလယ်ပိုင်ရှင်တွေက သူတို့ ယခင် အသိမ်းခံရတဲ့အချိန်တုန်းက လျော်ကြေးငွေမရတဲ့အတွက်ကြောင့် သူတို့မြေနေရာတွေမှာ ခြံစည်းရိုးတွေ ဝင်ခတ်ပါတယ်။ ဝင်ခတ်တဲ့အခါမှာ လယ်ပိုင်ရှင်တွေက လျော်ကြေးတောင်းပါတယ်။ စက်မှုဇုန်ပိုင်ရှင်တချို့က မဖြစ်မနေလုပ်ရမှာဖြစ်တဲ့အတွက်ကြောင့် ခြောက်လအတွင်းမပြီးရင် သိမ်းခံထိမှာစိုးလို့ ဒုတိယအကြိမ်သူတို့ပိုင်ဆိုင်တဲ့ငွေနဲ့ လယ်ပိုင်ရှင်တွေကို လျော်တဲ့လူလည်းရှိပါတယ်။ မလျော်နိုင်ဘဲနဲ့ ညှိနေရတဲ့လူတွေလည်းရှိပါတယ်။ အမှန်တကယ်ကတော့ တည်ဆဲဥပဒေအရ လေ့လာကြည့်မယ်ဆိုရင် လယ်ပိုင်ရှင်များကို နိုင်ငံတော်အစိုးရဘက်က ထိုက်သင့်တဲ့လျော်ကြေးပေးလိုက်မယ်ဆိုရင် လယ်သမားများလည်းတောင်းဆိုမှာမဟုတ်ပါဘူး။ စက်မှုဇုန်ပိုင်ရှင်များလည်း နှစ်ခါပေးရမှာမဟုတ်ပါဘူး။ ဒါကြောင့်နိုင်ငံအဝှမ်းမှာ ရန်ကုန်မှာလည်း အလားတူ ဒီအတိုင်းပါပဲ။ မအောင်မြင်တဲ့စက်မှုဇုန်များရဲ့ အခြေခံအကြောင်းတရားကတော့ မြေအငြင်းပွားမှုဖြစ်ပါတယ်။ ဒါကို သက်ဆိုင်တဲ့ဝန်ကြီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရက ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတဲ့ တိကျတဲ့အဖြေကို လိုချင်လို့ မေးခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ကျွန်တော့်အဖြေဟာ ယေဘုယျဆန်တဲ့အဖြေဖြစ်ပါတယ်ဆိုတာ မှန်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဒီစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ပတ်သက်လို့ လိုအပ်ချက်တွေလည်း အများကြီးပါ။ ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးသိပါတယ်။ ဒီသတ်မှတ်ထားတဲ့အချိန်ကာလအတွင်းမှာတော့ ကျွန်တော့်အနေနဲ့ ဒီယေဘုယျဆန်ဆန်အဖြေကိုပဲ ပေးလို့ရပါတယ်။ အခုဆောင်ရွက်ချက်အနေနဲ့ ကျွန်တော်ပြန်လည်ပြီးတော့ တင်ပြရရင် အဓိကကတော့ စောစောက ကိုယ်စားလှယ်ကြီးဆွေးနွေးသွားသလို စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီပေါ့။ လက်ရှိလွှတ်တော်ကိုယ်စားလှယ်ကြီး ယုံကြည်တာက ကျွန်တော်သိပြီးသားဖြစ်ပါတယ်။ စက်မှုဇုန်တွေမှာ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီကို စက်မှုဇုန်တွေမှာရှိတဲ့စက်မှုလုပ်ငန်းရှင်တွေနဲ့ သူတို့ရဲ့ဆန္ဒနဲ့ပဲ သူတို့ စုပေါင်းပြီးဖွဲ့စည်းထားတာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့အနေနဲ့ စက်မှုဇုန်တွေ ဖော်ဆောင်တဲ့အချိန်မှာလည်း တကယ်ကတော့ ဦးဆောင်ပြီး

ဖော်ဆောင်သွားတာက ဟိုအချိန်ကရှိခဲ့တဲ့ မြန်မာ့စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီပါ။ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီကနေပြီးတော့ သက်ဆိုင်ရာတိုင်းဒေသကြီးတွေမှာရှိတဲ့ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးတော့ စက်မှုဇုန်တွေဖော်ဆောင်သွားတာပါ။ စောစောက ဆွေးနွေးသလို ရန်ကုန်မှာဆိုလို့ရှိရင် မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနက ဦးစီးပြီး ဖော်ဆောင်သွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြေယာကိစ္စတွေနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ တိုက်ရိုက်ကိုင်တွယ်ခြင်းမရှိပါဘူး။ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့တွေကပဲ တိုက်ရိုက်ကိုင်တွယ်နေပါတယ်။ ဒါကြောင့်မို့လို့ ပထမတစ်ခါ မေးခွန်းမေးတုန်းကလည်း စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအနေနဲ့ ဒါ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ညှိနှိုင်းပြီးတော့ မြေကိစ္စတွေကို ကိုင်တွယ်ဖို့ဆောင်ရွက်နေပါတယ်လို့ ကျွန်တော် ဖြေကြားခဲ့ပါတယ်။ အခုလည်း အားလုံးလည်း သိကြပါတယ်။ ကြားကြပါတယ်။ စောစောက လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမှာလည်း ပါသွားပါတယ်။ အထူးသဖြင့် ရန်ကုန်ပေါ့လေ။ ရန်ကုန်မှာရှိတဲ့ စက်မှုဇုန်တွေမှာ မြေကွက်လွတ်တွေအများကြီးရှိပါတယ်။ မြေကွက်တွေက စက်ရုံဆောက်ထားတဲ့မြေကွက်ရှိသလို၊ သိုလှောင်ရုံတွေဆောက်ထားတဲ့မြေကွက်ရှိပါတယ်။ သိုလှောင်ရုံတွေမှာ စက်မှုလုပ်ငန်းနဲ့ပတ်သက်တဲ့ သိုလှောင်ရုံရှိသလို၊ စက်မှုလုပ်ငန်းနဲ့မပတ်သက်တဲ့ သိုလှောင်ရုံတွေလည်းရှိပါတယ်။ မြေကွက်တွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒီဟာတွေကို ဘာလုပ်မယ်ဆိုပြီး နောက်ဆုံးခိုင်ခိုင်မာမာ Proposal တွေ တင်ပါဆိုပြီး တင်ခိုင်းတာ။ ကျွန်တော်သိသမျှတော့ Proposal တွေရပါပြီ။ ရလို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒါကို စိစစ်ရေးကော်မတီတစ်ရပ်ဖွဲ့ပြီးတော့ ဒီကိစ္စတွေကို စိစစ်နေပါတယ်။ စိစစ်ရရှိတဲ့အခြေအနေအပေါ်မှာ မူတည်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ကျွန်တော် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရေးမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ပြင်ပစွန့်လွှတ်ရန် ကျန်ရှိနေသော လယ်ယာမြေများအား ပြည်သူများလက်ထဲသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စု

ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ရဲ့ ရေးမြို့နယ်အတွင်းမှာ တပ်မတော်မှသိမ်းဆည်းထားတဲ့ တပ်ရင်းမြောက်များစွာထဲမှ ကျန်ရှိနေတဲ့ တပ်ပြင်ပစွန့်လွှတ်ရန် ကျန်ရှိနေတဲ့ လယ်ယာမြေများအား ပြည်သူများလက်ထဲသို့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို ကျွန်မကမေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ကျွန်မတို့ရဲ့ ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းခဲ့တဲ့ လယ်ယာမြေနဲ့ အခြားမြေများသိမ်းဆည်းခံရမှု စုံစမ်းရေးကော်မရှင်ဖွဲ့ပြီးတဲ့အချိန်မှာ ကျွန်မတို့ ပြည်သူလူထုတွေ တင်ပြလာတဲ့အခါမှာ တပ်မတော်ကစွန့်လွှတ်လိုက်တဲ့ လယ်ယာမြေ တပ်ရင်းလေးရင်းရှိပါတယ်။ အဲ့ဒီတပ်ရင်းကတော့ ခရယ(၄၃၁) အန်တင်ရွာ၊ တူးမြောင်းရွာ၊ သဃ်န်းကျွန်းရွာ လယ်ယာမြေကတော့ ၄၂၅.၆၇ ဧက၊ အမြောက်တပ် (၃၁၆) မှာ အန်တင်ရွာ ၂၀၂.၅၄ ဧက၊ ခလရ(၆၁) ကတော့ ဒူးရားရွာနဲ့တူးမြောင်းရွာမှာဆိုရင် ၅၈.၄၃ ဧက၊ ခလရ(၁၀၆) ကတော့ နှစ်ကရင်ရွာနဲ့ ဘေးလမိုင်းရွာမှာရှိတဲ့လယ်တွေကို ၁၀၀.၇၄ ဧက စွန့်လွှတ်ထားတာရှိပါတယ်။ အားလုံးဒီတပ်ရင်းလေးရင်းရဲ့ စုစုပေါင်းစွန့်လွှတ်ထားတဲ့လယ်ယာမြေက ၈၈၇.၃၈ဧက ဖြစ်ပါတယ်ရှင်။ ဒီလိုမျိုး ပြည်သူလူထုတွေကို ပြန်လည်စွန့်လွှတ်တဲ့အတွက်ကြောင့် ပြည်သူလူထုတွေကတော့ အားလုံးကို ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိပါတယ်။ ကျန်နေတဲ့ တပ်ရင်း ခုနစ်ရင်းအနေနဲ့လည်း ကျွန်မတို့ရဲ့ ဒီမိုကရေစီနိုင်ငံမှာဆိုတော့ တန်းတူ အခွင့်အရေးဆိုတဲ့ ပြဋ္ဌာန်းချက်နဲ့ကိုက်ညီအောင် ဒီကျန်ရှိနေတဲ့ တပ်ရင်းခုနစ်ရင်းရဲ့သိမ်းဆည်းထားတဲ့ လယ်ယာမြေတွေကိုလည်း ကျွန်မတို့အနေနဲ့ ပြန်လည်စွန့်လွှတ်စေချင်ပါတယ်။ ဒါတွေကလည်း ပြည်သူလူထုတွေရဲ့ လိုအပ်ချက်အရ တောင်းဆိုခဲ့တဲ့ တောင်းဆိုချက်များဖြစ်ပါတယ်။ ကျန်ရှိနေတဲ့တပ်ရင်း ခုနစ်ရင်းကတော့ ခမရ (၅၈၆) တူးမြောင်းရွာ လယ်ယာမြေ ၇၄.၁၁ ဧက၊ ခမရ (၈၇၃) သူက သဃ်န်းကျွန်းရွာ သောင်ပုံရွာ၊ သောင်ပြင်ရွာ၂၃၁.၉၁ ဧက၊ ခမရ (၅၈၃) သူက ကျောင်းရွာမှာရှိတဲ့ တပ်ရင်းဖြစ်ပါတယ်။ အဲ့ဒီတပ်ရင်းကတော့ မော့ကနင်ရွာမှာ သိမ်းထားတဲ့ လယ်ယာမြေကတော့ ၂၂၈.၈၇ ဧကပါ။ ခမရ (၅၈၈) သူကတော့ မော့ကနင်မှာရှိတဲ့တပ်ရင်းဖြစ်ပါတယ်။ သိမ်းတာကျတော့ နှစ်ကရင်ရွာမှာ ဖြစ်ပါတယ်ရှင်။ လယ်ယာမြေဧကကတော့ ၂၀၂.၃၄ ဧကပါ။ နောက်ပြီးတော့ ခမရ (၅၉၁) ကတော့ ကျောင်းရွာမှာရှိတဲ့တပ်က ကျွန်မတို့ရဲ့ မော့ကနင်နဲ့လမိုင်းမြို့မှာရှိတဲ့လယ်တွေကို သိမ်းထားတာ ဖြစ်ပါတယ်။ အဲဒီလယ်ကတော့ ၂၁၁.၃ ဧက ဖြစ်ပါတယ်။ အမတ (၃၁၇) ကတော့ မော့ကနင်မှာရှိတဲ့အတွက် ၂၀၂.၆၁ ဧက ဖြစ်ပါတယ်။ စကခ ၁၉

ရေးမြို့မှာရှိတယ်။ အံဒင်ကျေးရွာက မြေ ၂၀၅ ဧက ဖြစ်ပါတယ်။ အားလုံး တပ်သိမ်းမြေကတော့ ၁၃၅၆.၄၁ ဧကဖြစ်ပါတယ်။ အဲဒါတွေကို ကျွန်မတို့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ရေးမြို့နယ်သည် တပ်မတော်မှ တပ်ပြင်ပ စွန့်လွှတ်ရန် ကျန်ရှိနေသော လယ်မြေများအား ပြည်သူများ လက်ထဲသို့ ပြန်လည်စွန့်လွှတ်ပေးပါရန် အစီအစဉ်ရှိ/မရှိ။ မရှိပါက မည်သည့်အတွက်ဖြစ်ကြောင်း ဖြေကြားပေး ပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်ဖြစ်ပြီးတော့ ကာကွယ်ရေးဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ပြင်ပစွန့်လွှတ်ရန် ကျန်ရှိနေသော လယ်ယာမြေများနှင့် ပြည်သူများလက်ထဲသို့ ပြန်လည်စွန့်လွှတ်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့် ပတ်သက်ပြီး ကျွန်တော်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးမြန်းသူကတော့ မွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိမြင့်သန်း ဖြစ်ပါတယ်။ သူ့မှာလည်း ကျွန်တော်တို့ အဖြေပါပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ စွန့်လွှတ်မြေများနဲ့ပတ်သက်လို့ တောင်သူများလက်ကို လွှဲပြောင်းပေးလျက်ရှိရာမှာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ မွန်ပြည်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မြေဧရိယာကိုတင်ပြရမယ်ဆိုရင် ၃၆၃၉.၆၄ ဧက ဖြစ်ပါတယ်။ ခုနက ဒေါ်မိမြင့်သန်း တင်ပြသွားသလို တပ်ရင်းတွေအနေနဲ့ ၈၈၇.၃၈ ဧက ပြန်လည်စွန့်လွှတ်ပြီးဖြစ်ပါတယ်။ ဒေါ်မိမြင့်သန်းတင်ပြတဲ့ တပ်ရင်း ခုနစ်ရင်းနဲ့ပတ်သက်ပြီး လောလောဆယ် ကျွန်တော်တို့ စွန့်လွှတ်ပေးရန် အနေအထားလေးမရှိသေးပါဘူးခင်ဗျာ။ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးအနေနဲ့လည်း တောင်သူလယ်သမားတွေရဲ့ အကျိုးစီးပွားတွေအတွက် ဦးတည်ချက်ရှိရှိလေးနဲ့တောင်းဆိုပေးနေတာကိုလည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ဒီမြေအရင်းအမြစ်တွေဟာ အဖိုးတန်မှန်း၊ အသုံးဝင်မှန်းသိတဲ့

အတွက် ကော်မတီတွေဖွဲ့ပြီး Workshop တွေဖြင့် ဆွေးနွေးဆောင်ရွက်နေတာရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ တပ်မတော်အကြီးအကဲအနေနဲ့လည်း မြေယာနဲ့ပတ်သက်ပြီးတော့ မူဝါဒခိုင်ခိုင်မာမာ ချမှတ်ထားပြီးတော့။ ကျွန်တော်တို့ဆီရောက်လာတဲ့ စာတွေ၊ တိုင်စာတွေ၊ အသနားခံစာတွေ ပြန်လည် စွန့်လွှတ်ပေးရန် တောင်းဆိုတာနဲ့ပတ်သက်ပြီးတော့ အသေးစိတ် ကျွန်တော်တို့ စဉ်းစားပေးခဲ့ပါတယ်။ တပ်မတော်အကြီးအကဲရဲ့ ခရီးစဉ်အတော်များများမှာလည်း ကျွန်တော်တို့မြေယာကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဖြေရှင်းဆောင်ရွက်ပေးတာကလည်းပဲ ကျွန်တော်တို့ သိရှိမှတ်သားရပါတယ်။ တပ်မတော်မှ ပြန်လည်စွန့်လွှတ်တဲ့မြေနဲ့ပတ်သက်လို့ တိုင်းဒေသကြီး/ပြည်နယ်မြေယာစီမံခန့်ခွဲရေးကော်မတီမှ စိစစ်လက်ခံတဲ့ မြေဧကကိုပြန်လည်တင်ပြရမယ်ဆိုရင် ၂၀၈၆၄၉.၄၈၃ ဧကကို စွန့်လွှတ်ပြီးဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာ ကျွန်တော်တို့ တပ်မတော်အကြီးအကဲကနေပြီးတော့ ထပ်မံစွန့်လွှတ်ပေးထားတဲ့ မြေကို ပြန်လည်တင်ပြရမယ်ဆိုရင် ၄၂၄၂.၉၈ ဧက ထပ်မံစွန့်လွှတ်ပေးထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းလေယာဉ်ကွင်းဘေးမှာရှိတဲ့ လက်ဖက်စိုက်ခင်း ၇၂၆ ဧကကိုလည်း ကျွန်တော်တို့ ပြန်လည်စွန့်လွှတ်ပေးရန် တပ်မတော်အကြီးအကဲအနေနဲ့ မူဝါဒအားဖြင့် သဘောတူပြီး ဖြစ်ပါတယ်။ ဒါတွေကိုပြောပြရတာလည်း တပ်မတော်အကြီးအကဲအနေနဲ့ ကျွန်တော်တို့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အတတ်နိုင်ဆုံးဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ကတော့ ဒေါ်မိမြင့်သန်းတင်ပြချက်နဲ့ပတ်သက်လို့ အလေးထားဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မနောက်ဆက်တွဲ မေးခွန်းအနေနဲ့ အနည်းငယ်မေးချင်ပါတယ်ရှင်။ ဒီကျန်ရှိနေတဲ့ တပ်ရင်း ခုနစ်ရင်းရဲ့ လယ်မြေဧက ၁၃၅၆.၄၁ ဧက ကိုလည်း တစ်ချို့လယ်ယာတွေကတော့ ဆောင်ရွက်ထားခြင်း အခြေအနေမရှိပါဘူး။ ဒီအတိုင်းပဲ အလဟဿဖြစ်နေတဲ့ လယ်ယာမြေအချို့ကိုလည်း ကျွန်မတွေ့ရှိပါတယ်။ အဲ့ဒါကြောင့် တပ်မတော်အနေနဲ့ ဒီကျန်ရှိနေတဲ့ လယ်ယာတွေကို ပြန်လည်စဉ်းစားပေးနိုင်ဖို့ အစီအစဉ်များရှိမလား ဆိုတာကိုလည်း ကျွန်မအနေနဲ့ သိရှိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်ကျော်ညွှန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျွန်တော်ဖြေတဲ့အဖြေမှာလည်း ပါပြီးပါပြီ။

ဒေါ်မိမြင့်သန်းတင်ပြတဲ့ မြေဧကနဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ ပြန်လည်ပြီးတော့ အသေးစိတ် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ကျွန်တော့် အဖြေဒီလောက်ပဲဖြစ်ပါတယ်။

**သောက်သုံးရေရရှိရေးဖြစ်သော ရေစုကန်တူးဖော်ခြင်းနှင့် တမူးမြို့ရေပေးဝေရေးလုပ်ငန်းများ၊ မြို့တွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများကို မည်သို့စီမံဆောင်ရွက်ပေးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးခင်မောင်ရွှေ၊ တမူးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမြို့ဟာ နွေရာသီမှာ သောက်သုံးရေများ အခက်အခဲဖြစ်လျက်ရှိပါတယ်။ တစ်နှစ်ထက်တစ်နှစ် ရေအရင်းအမြစ် အခက်အခဲကြောင့် ရေပြတ်လပ်မှုများ ကြုံတွေ့ခဲ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ မြို့ရဲ့ဘေးမှာရှိတဲ့ မဟူရာချောင်းကို အားကိုးအားထားပြုပြီး သောက်သုံးရေအတွက် မြို့မရပ်ကွက် အတွင်းမှာရှိတဲ့ မြို့မသာသနာ့ရိပ်သာအောက်မှာရှိတဲ့ နတ်ရေကန်လို့ခေါ်တဲ့ရေကန်ကို နွေရာသီမှာပြည်သူများအားကိုးအားထားပြုနေကြပါတယ်။ အဆိုပါကန်ရဲ့အနီးမှာ ပြည်သူများက နွေရာသီမှာ သောက်သုံးရေလုံလောက် စွာရရှိဖို့အတွက် ကန်ကြီးတစ်ကန် တူးဖော်ဆောင်ရွက်နိုင်ရေး တင်ပြခဲ့ကြပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းတင်ပြပြီးတဲ့ အခုကျွန်တော်တို့ လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှာပဲ နယ်စပ်ရေးရာဝန်ကြီးဌာနက သိန်း ၁၀၀ ပေးပြီးတော့မှ ဒီလုပ်ငန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်ဆိုတဲ့အကြောင်းလည်းပဲ တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးအပြီး ပြည်ထောင်စုလွှတ်တော်နာယက ချင်းပြည်နယ်ခရီးစဉ်၊ ကလေးမြို့လူထုတွေ့ဆုံပွဲမှာ တမူးမြို့ မြို့နယ်အထောက်အကူပြု ကော်မတီအတွင်းရေးမှူးက တမူးမြို့ရေပေးဝေရေးလုပ်ငန်းအား ဆောင်ရွက်ပေးရန် တင်ပြခဲ့ပါတယ်။ သို့သော်လည်းပဲ ယနေ့အထိ စီစဉ်ဆောင်ရွက်ပေးမှုမရှိတဲ့အတွက် သက်ဆိုင်ရာမြို့နယ်အထောက်အကူပြုကော်မတီများက ထပ်မံပြန်လည်တင်ပြပေးဖို့ တင်ပြလာတဲ့အတွက် ယခုဆက်လက်တင်ပြရခြင်း ဖြစ်ပါတယ်။ အလားတူ မိမိအနေဖြင့် ကြယ်ပွင့်မပြမေးခွန်းအနေဖြင့် တမူးမြို့ရေပေးဝေရေးလုပ်ငန်းနှင့် တမူးမြို့အတွင်း ကတ္တရာလမ်း လေးမိုင် ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို

မေးမြန်းခဲ့ရာတွင်လည်း ရန်ပုံငွေလျာထားရရှိနိုင်ရေး တင်ပြဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့သော်လည်းပဲ ယနေ့အထိ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်၊ နယ်စပ်ရေးရာဘတ်ဂျက်များတွင် လျာထားပေးခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါမေးခွန်းများအား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ သောက်သုံးရေရရှိရေးအတွက် တမူးမြို့ရေပေးဝေရေးလုပ်ငန်းနှင့် မြို့တွင်းလမ်းကတ္တရာခင်းခြင်းတို့ကို မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြန်လည်ဖြေကြားပေးနိုင်ပါရန် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ မေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ သောက်သုံးရေရရှိရေးဖြစ်တဲ့ ရေစုကန်တူးဖော်ခြင်းနှင့် တမူးမြို့၊ ရေပေးရေးလုပ်ငန်းများ၊ မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်တို့နှင့် စပ်လျဉ်းသည့်မေးခွန်းနှင့်ပတ်သက်၍ တမူးမြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်း လေးမိုင်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၁၆.၂ သန်းနဲ့ ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါတယ်။ တမူးမြို့၊ သောက်သုံးရေရရှိရေးအတွက် မြို့မသာသနာ့ရိပ်သာအနီး ရေကန်တူးဖော်ခြင်းနှင့် စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မြို့မသာသနာ့ရိပ်သာအနီး အများသုံးသောက်သုံးရေကန်ပြုပြင်ခြင်း (၁၀x၁၁x၇)ပေအား ကျပ်သိန်း ၂၀ ဖြင့် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပြီ ဖြစ်ပါတယ်။

**ဦးညာဏ်ဆွေဝင်း၊ ကျောက်ကြီးမဲဆန္ဒနယ်က တည်ဆဲနိုင်ငံရေး ပင်စင်ဥပဒေနှင့်အညီ နိုင်ငံရေး ပင်စင်ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်း ကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်သွားပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးညာဏ်ဆွေဝင်းက အဆိုတစ်ရပ်တင်သွင်းထား ပါတယ်။ အဆိုတင်သွင်းဖို့အတွက် ဦးညာဏ်ဆွေဝင်းအား ဖိတ်ခေါ်ပါတယ်။

**ဦးညာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဂါရဝပြုဆုတောင်းအပ်ပါ တယ်ခင်ဗျား။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးညာဏ်ဆွေဝင်းမှ တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေနှင့်အညီ နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်း ကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် တင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပြည်သူ့ လွှတ်တော်ဟာ ၁၉၈၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄)ဖြင့် နိုင်ငံရေးပင်စင်ဥပဒေကို လည်းကောင်း၊ ၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၇)ဖြင့် နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုလည်းကောင်း အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါတယ်။ တင်ပြပါ နိုင်ငံရေးပင်စင် ဥပဒေရဲ့ နိဒါန်းပိုင်းမှာ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပါဝင်ဖွဲ့စည်းခဲ့တဲ့ အစိုးရမှစ၍ နိုင်ငံရေးတာဝန်ကြီးများကို ထမ်းဆောင်ပြီး တာဝန်မှ အနားယူသည့်ပြည်သူ့ကိုယ်စားလှယ်များနှင့် အခြားချီးမြှင့်ထိုက်တဲ့ ပုဂ္ဂိုလ် များအား နိုင်ငံရေးပင်စင်ချီးမြှင့်ထိုက်သည့်အလျောက် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုပြီးတော့ အတိအလင်းဖော်ပြပါရှိပါတယ်။ နိုင်ငံရေးပင်စင်ဥပဒေ အခန်း(၂) ပုဒ်မ ၄ ပုဒ်မခွဲ(က)နှင့် (ခ)တို့မှာ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှ ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက် နေ့အထိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့တဲ့ အစိုးရအဖွဲ့တွင် ပါဝင်ခဲ့တဲ့

နိုင်ငံရေးပင်စင်ဥပဒေ နောက်ဆက်တွဲဇယား(က)ပါပုဂ္ဂိုလ်များကိုလည်းကောင်း၊ ပုဒ်မ ၅ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(ဂ)ပါ တိုင်းပြုပြည်ပြုလွှတ်တော်ပါလီမန်နှင့် အစိုးရအဖွဲ့မှာ ပါဝင်ခဲ့တဲ့ပုဂ္ဂိုလ်များ ကိုလည်းကောင်း နိုင်ငံရေးပင်စင်ကို ခံစားခွင့်ပြုခဲ့ပါတယ်။

နိုင်ငံရေးပင်စင်ဥပဒေ အခန်း(၄) ပုဒ်မ ၈ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(သ)အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အမြုတေပါတီကာလမှာ တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသူများကိုလည်းကောင်း ပုဒ်မ ၉ ပုဒ်မခွဲ(က)မှ (မ)အထိ ပြည်သူ့ပါတီကာလတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ပါတီပိုင်းလူထု လူတန်းစားပိုင်းဆိုင်ရာ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသူများကိုလည်းကောင်း အသက် ၆၀ ပြည့် ပြီးပါက နိုင်ငံရေးပင်စင်ခံစားခွင့်ပြုခဲ့ပါတယ်။

ဒါ့အပြင် အခန်း(၅) ပုဒ်မ ၁၆ မှာ နိုင်ငံရေးပင်စင်ခံစားခွင့်ရှိသူကွယ်လွန်ခဲ့ပါက ထိုသူ၏ဇနီး/ ခင်ပွန်း၊ အဘွားအို/အဘိုးအိုများကို ကွယ်လွန်သူခံစားခွင့်ရှိတဲ့ နိုင်ငံရေးပင်စင်ရဲ့တစ်ဝက်ကို သက်ရှိ ထင်ရှားရှိတဲ့ကာလပတ်လုံး ခံစားခွင့်ပြုခဲ့ပါတယ်။ တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိသူများရဲ့ အခြေအနေကို လေ့လာမယ်ဆိုပါလျှင် နိုင်ငံတော်အစိုးရအာဏာပိုင်အဖွဲ့ အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှာ နိုင်ငံတော်အဆင့်မှ ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်ထိ လမ်းစဉ်ပါတီကာလမှ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ တပ်မတော်အစိုးရ၊ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကာလအထိ အပြတ်အတောက်မရှိ တစ်ဆက် တစ်စပ်တည်း နိုင်ငံရေးပင်စင်ကို ဥပဒေအရခံစားခွင့်ရရှိနေကြသော်လည်းပဲ လမ်းစဉ်ပါတီနဲ့ လူထု လူတန်းစားဗဟိုအဖွဲ့အစည်းများမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ တည်ဆဲဥပဒေအရ နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိမည့်သူများမှာ ၁၉၈၈ ခုနှစ်၊ တပ်မတော်အစိုးရတာဝန်ယူပြီးကာလနောက်ပိုင်းမှ ယနေ့ အထိ နိုင်ငံရေးပင်စင်လုံးဝခံစားခွင့်မပြုတော့ကြောင်း တွေ့ရှိရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အထိ အခိုင်အမာရှိနေဆဲဖြစ်တဲ့ နိုင်ငံရေးပင်စင်ဥပဒေဟာ တစ်စုံတစ်ရာဖြတ်တောက်ခြင်း၊ ပယ်ဖျက်ခြင်းမရှိသေးပါဘူး။ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီရဲ့ တည်ဆဲဥပဒေများအနက် ရုပ်သိမ်းရန်၊ ပြင်ဆင်ရန်၊ အသစ်ရေးဆွဲရန်သင့်တဲ့ ဥပဒေများစာရင်းမှာလည်း ပါဝင်မှုမရှိခဲ့ပါဘူး။ အခန်း(၄) ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ ပါပုဂ္ဂိုလ်များဟာ တည်ဆဲဥပဒေအရ နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိမည်သာဖြစ်ကြောင်း ဥပဒေ ပညာရှင်များကလည်း အသေးစိတ်လေ့လာပြီး ဥပဒေနှင့်ညီညွတ်ကြောင်း ထောက်ခံကြပါတယ်။

**မူကြမ်း**

တစ်ချိန်က နိုင်ငံတော်ရဲ့အရေးအရာများကို ကြိုးပမ်းထမ်းဆောင်ခဲ့တဲ့နေရာမှာ လမ်းစဉ်ပါတီနဲ့ လူထုလူတန်းစားအဖွဲ့အစည်းများဟာ အစိုးရနှင့် ပါတီမခွဲမခြား ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၇၄ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ မှာ တစ်ခုတည်းသောပါတီစနစ်ကို ကျင့်သုံးကြောင်း လည်းပဲ ပြဋ္ဌာန်းထားခဲ့ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားအားလုံးဟာ စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံတော်တာဝန်များကို တိုင်းဒေသကြီးအသီးသီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ တစ်ချိန်က ဒေသအသီးသီးမှာ နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနဲ့ ပြည်ထောင်စုကြီးအတွင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများဟာ အသက်အရွယ်အိုမင်းချိန် ရောက်ရှိခဲ့ကြပြီဖြစ်ပါတယ်။ တချို့လည်း ကွယ်လွန်ခဲ့ကြပြီး ဇနီး/ခင်ပွန်း အိုမင်းမစွမ်းသူများ အနည်းငယ်သာ ကျန်နေခဲ့ကြပါတယ်။

သို့သော်လည်းပဲ ၁၉၈၈ ခုနှစ် နောက်ပိုင်းကာလမှ ယနေ့တိုင် တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင်ခံစားခွင့်ရှိသူ လမ်းစဉ်ပါတီနှင့် လူထုလူတန်းစားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များကို နိုင်ငံရေးပင်စင်ခံစားခွင့်မပြုတော့ခြင်းဟာ တည်ဆဲဥပဒေနှင့် ညီညွတ်ခြင်းမရှိပါဘူးခင်ဗျား။ အုပ်ချုပ်ရေးပိုင်းဆိုင်ရာပုဂ္ဂိုလ်များကိုသာ နိုင်ငံရေးပင်စင်ခံစားခွင့်ပေးခြင်းသည် မျှတခြင်းလည်း မရှိပါဘူး။ အထူးသဖြင့် နိုင်ငံတော်တာဝန်ကို အတူတကွထမ်းဆောင်သူများအား ဥပဒေတစ်ခုထဲမှာ အတူခံစားခွင့်ပြုရန် ပြဋ္ဌာန်းပေးခဲ့ပြီး တည်ဆဲဥပဒေကို ဖြတ်တောက်ပြင်ဆင်ပယ်ဖျက်ခြင်းမရှိပါဘဲလျက် သီးခြားကွက်၍ချန်ထားခဲ့ခြင်းဟာ တည်ဆဲဥပဒေနှင့် ညီညွတ်မျှတခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားများ ထွန်းကားစေရန် စဉ်ဆက်မပြတ် ဆောင်ရွက်ထိန်းသိမ်းသွားရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၁) နိုင်ငံတော်ရဲ့အခြေခံမူများ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)မှာလည်းပဲ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအချိန်အခါမှာ နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသောပုဂ္ဂိုလ်အချို့မှာ ဆင်းရဲချို့တဲ့စွာနှင့် ကွယ်လွန်ခဲ့ကြပြီး အချို့မှာလည်း

ပဲ ဆင်းရဲချို့တဲ့အိုမင်းမစွမ်းဘဝသို့ ရောက်ရှိနေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံရေးပင်စင်ဥပဒေဟာ ယနေ့တိုင်ဖြတ်တောက်၊ ပြင်ဆင်၊ ပယ်ဖျက်ခြင်းမရှိပါသဖြင့် တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေနှင့်အညီ လမ်းစဉ်ပါတီ၊ လူထုလူတန်းစားအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား နိုင်ငံရေးပင်စင် ခံစားခွင့်ပြုရေး အတွက် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှ တစ်ဆင့် ရိုသေလေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဦးဉာဏ်ဆွေဝင်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော် ကိုယ်စားလှယ်အား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးအိုက်ယွန်းမွန်း(မက်မန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ယွန်းမွန်းဖြစ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်း တင်သွင်းသွားသော တည်ဆဲနိုင်ငံရေးဥပဒေနှင့်အညီ နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိရေးအတွက်ကို ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရထံသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံသွားမှာဖြစ်ပါ တယ်။ နိုင်ငံရေးပင်စင်ကို ၁၉၈၀ ပြည့်နှစ်မှာ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေတို့ကို ပြင်ဆင်ခြင်း၊ ဖြတ်တောက်ခြင်း၊ ပယ်ဖျက်ခြင်းမရှိသေးဘဲ ယနေ့တိုင်အထိ ထင်ထင်ရှားရှား တည်ရှိဆဲဥပဒေဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့နိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ခဲ့ကြတဲ့ပုဂ္ဂိုလ်များဟာ အသက် ၆၀ ပြည့်တဲ့အခါ ဥပဒေနှင့်အညီ မိမိတို့အနာဂတ်ဘဝလုံခြုံရေးရရှိပြီး အကျင့်စာရိတ္တကောင်းမွန်စွာဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိဖြင့် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဟာ နိုင်ငံရဲ့အုပ်ချုပ်ရေးတာဝန်၊ နိုင်ငံ ရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သူများကို မခွဲခြားဘဲ ဥပဒေတစ်ခုတည်းမှ အခိုင်အမာရေးဆွဲ ပြီး နိုင်ငံရေးပင်စင်ကို ခံစားခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် နိုင်ငံရေးအုပ်ချုပ်မှုပိုင်းဆိုင်ရာများကို ရပ်/ကျေးမှ ဗဟိုအထိခံစားခွင့်ပြုခဲ့သော်လည်း နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့သူများကိုတော့ ဥပဒေ နှင့်အညီ ခံစားခွင့်မပြုဘဲ ချန်လှပ်ထားခဲ့ခြင်းဟာ တရားမျှတမှုမရှိပါ။ နိုင်ငံရေးပင်စင်ဟာ အသက်

၆၀ ပြည့်မှ ခံစားရခြင်းဖြစ်ပြီး ဇနီး/ခင်ပွန်းကွယ်လွန်သွားပါက ကျန်ရစ်သူကို ဆက်လက်ခံစားခွင့်ပြုပါတယ်။ လမ်းစဉ်ပါတီကာလက ပါတီတစ်ခုတည်းရှိသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်တွေက တိုင်းရင်းသားလူမျိုးများအားလုံး နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့ကြတဲ့အတွက် ယခုအခါ တိုင်းဒေသကြီးနှင့်ပြည်နယ်တွေက တိုင်းရင်းသားတွေအားလုံး အသက်အရွယ်အိုမင်းမစွမ်းဖြစ်ကာမှ အတိဒုက္ခများစွာရောက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဥပဒေနှင့်အညီ ပင်စင်ခံစားခွင့် ရရှိရေးကို ဆောင်ရွက်ပေးခြင်းဟာ မင်္ဂလာတစ်ပါးနှင့်လည်း ညီညွတ်ပါတယ်။ ယခုကာလဟာ Rule of Law ဥပဒေကို လေးစားတန်ဖိုးထားလိုက်နာတဲ့ကာလဖြစ်တဲ့အတွက် ကျောက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်းတင်သွင်းသွားတဲ့ တည်ဆဲနိုင်ငံရေးဥပဒေနှင့်အညီ နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့သောသူများအား နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိရေးအတွက်ကို ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး သမ္မတရုံးဝန်ကြီးဌာန(၄)က ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်းရဲ့အဆိုအား နိုင်ငံတော်သမ္မတရုံးကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ တည်ဆဲနိုင်ငံရေးဥပဒေနှင့်အညီ နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိရေးအတွက်ကို ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီးတော့ ၁၉၈၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄) ဖြင့် ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးပင်စင်ဥပဒေပုဒ်မ ၃၁ အရ နိုင်ငံရေးပင်စင်ခံစားခွင့်ပြုခြင်း၊ မပြုခြင်းနှင့်ပတ်သက်၍ အကြောင်းထူးကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်လျှင် နိုင်ငံရေးအဖွဲ့အစည်းမှပုဂ္ဂိုလ်များအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီရဲ့

ဆုံးဖြတ်ချက်အရလည်းကောင်း၊ နိုင်ငံတော်အဖွဲ့အစည်းများမှပုဂ္ဂိုလ်များအတွက် နိုင်ငံတော်ကောင်စီရဲ့ဆုံးဖြတ်ချက်အရလည်းကောင်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။

နိုင်ငံရေးပင်စင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းဥပဒေပုဒ်မ ၃၂ အရ နိုင်ငံရေးပင်စင်ဥပဒေအခန်း(၄)မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးပင်စင်ခံစားခွင့်ရှိတဲ့ ပုဂ္ဂိုလ်များနှင့်ပတ်သက်ပြီး နိုင်ငံရေးပင်စင်ဆိုင်ရာလုပ်ငန်းများကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ဗဟိုကော်မတီဌာနချုပ်က ထုတ်ပြန်တဲ့ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါတယ်။ နိုင်ငံရေးပင်စင်ဥပဒေ အခန်း(၄)မှာပါရှိတဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ အမြုတေပါတီကာလနှင့်ပြည်သူ့ပါတီကာလ တာဝန်ထမ်းဆောင်ခဲ့တဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှ ပုဂ္ဂိုလ်များအတွက် ပုဒ်မ ၃၁ နှင့် နည်းဥပဒေပုဒ်မ ၃၂ အရ ယင်းပါတီရဲ့မှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီရဲ့ဆုံးဖြတ်ချက်၊ ထောက်ခံချက်များနှင့် ၁-၁၁-၁၉၈၀ ရက်နေ့ကစပြီးတော့ ၁၈-၉-၁၉၈၈ ရက်နေ့အထိ ပါတီနိုင်ငံရေးလစဉ်ပင်စင်အနေနဲ့ ၇၅၆ ဦး၊ ဇနီး/ခင်ပွန်း နိုင်ငံရေးလစဉ်ပင်စင် ၂၁၂ ဦးနှင့် နိုင်ငံရေးဆုငွေ ၆၆၀ ဦးကို ခံစားခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်မှ အာဏာအရပ်ရပ်ကို ရရှိတဲ့အချိန်ကစပြီးတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ဥပဒေအမှတ်(၈/၈၈) စကားရပ်များအစားထိုးသည့်ဥပဒေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ ဥပဒေအမှတ်(၁/၉၇) စကားရပ်များအစားထိုးသည့်ဥပဒေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဥပဒေအမှတ်(၁၁/၂၀၁၁) စကားရပ်များအစားထိုးခြင်းဆိုင်ရာဥပဒေတို့အရလည်းကောင်း စကားရပ်များအစားထိုးသောအဖွဲ့အစည်းများတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ မပါဝင်ခြင်းနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်(၂/၈၈) ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်ကိုဦးဆောင်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအား ကာကွယ်သည့်ဥပဒေ(၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၁၇)ကို ပယ်ဖျက်ခြင်းတို့ကြောင့် နိုင်ငံရေးပင်စင်ခံစားခွင့် ထောက်ခံတင်ပြရမယ့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအဖွဲ့အစည်းမရှိတော့ပါသဖြင့် နိုင်ငံရေးအဖွဲ့အစည်းမှပုဂ္ဂိုလ်များအား နိုင်ငံရေးပင်စင်ဥပဒေနှင့်အညီ ခံစားခွင့်ဆက်လက်ဆောင်ရွက်မပေးခြင်း ဖြစ်ပါတယ်။

အထက်အပိုဒ်ပါ စကားရပ်များ အစားထိုးသောဥပဒေများအရ နိုင်ငံရေးပင်စင်ဥပဒေ အခန်း(၂)နှင့် အခန်း(၃)မှာ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံတော်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအား

ထောက်ခံတင်ပြရမယ့်အဖွဲ့အစည်းများသည် ဆက်လက်ပါဝင်နေပါသဖြင့် နိုင်ငံရေးပင်စင်ဥပဒေနှင့် အညီ ခံစားခွင့်ပြုပေးနေခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံရေးပင်စင်ခံစားခွင့်နှင့်စပ်လျဉ်းပြီး ၁၉၈၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄) မှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးပင်စင်ဥပဒေမှာ ယခုခေတ်အခြေအနေနှင့် ကိုက်ညီခြင်းမရှိတော့ကြောင်း တွေ့ရှိရပါသဖြင့် အသစ်ပြင်ဆင်ရေးဆွဲသင့် ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးဉာဏ်ဆွေဝင်းရဲ့သဘောထားပြောပါ။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ မူလဥပဒေဟာ ဒီနေ့အထိ တည်ဆဲရှိပါတယ်။ ကျွန်တော်အစောက အစီရင်ခံတင်ပြ သွားသလို ပြည်ထောင်စုလွှတ်တော်ရဲ့ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်ဥပဒေထဲမှာလည်းပဲ နိုင်ငံရေးပင်စင်ဥပဒေဟာ ပါဝင်ခြင်းမရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ၁၉၈၀ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၄) နိုင်ငံရေးပင်စင်ဥပဒေဟာ ဒီနေ့ထိ တည်ဆဲဥပဒေလို့ ဒီလိုပဲ သဘောရရှိပါတယ်။ ဥပဒေပညာရှင်များကလည်းပဲ ဒါနဲ့ပတ်သက်လို့ အပြည့်အဝထောက်ခံကြပါ တယ်။ နောက်တစ်ခါ နိုင်ငံတော်မှာ အခုအသက်အရွယ်ကြီးရင့်တဲ့ပုဂ္ဂိုလ်များကို ပြည်သူပြည်သား တိုင်းသူပြည်သားများကိုတောင် နိုင်ငံတော်ကနေပြီးတော့ ဂုဏ်ပြုထောက်ပံ့နေတဲ့အချိန်မှာ ဥပဒေနဲ့ ညီညွတ်တဲ့ ပြီးခဲ့တဲ့ကျွန်တော်တို့ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းပြီး တည်ဆဲဖြစ်တဲ့ ခံစားခွင့်ရရှိတဲ့ပုဂ္ဂိုလ် တွေဟာ ဒီနေ့သက်ကြီးရွယ်အိုတွေ ခိုကိုးရာမဲ့အခြေအနေ ဖြစ်နေပါတယ်။ ဒါကိုကျွန်တော်တို့ နိုင်ငံတော်အစိုးရက အလေးထားပြီးတော့လည်းပဲ စဉ်းစားဖို့လိုပါတယ်။ နောက်တစ်ခုက မြန်မာ့ဆို ရှယ်လစ်လမ်းစဉ်ပါတီ မရှိတော့ပေမယ့် ကျွန်တော်တို့ တည်ဆဲဖြစ်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ အမွေကို ခံယူပြီးတော့မှ ဆက်လက်ရပ်တည်နေတဲ့ပါတီဖြစ်တဲ့အတွက် လိုအပ်တဲ့ထောက်ခံချက်တွေ၊ ပါတီရဲ့ မော်ကွန်းတွေ၊ မှတ်တမ်းတွေဟာ ပြန်တမ်းတွေဟာ ဒီနေ့အထိ အခိုင်အမာရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရဲ့ ပါတီမှတ်ပုံတင်ထဲက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီကို အမွေဆက်ခံတဲ့ပါတီဖြစ်တဲ့အတွက် တစ်ချိန်ကလည်းပဲ မှတ်တမ်းမှတ်ရာနှင့် မော်ကွန်းများ၊ ပြန်တမ်းများ အခိုင်အမာရှိတဲ့အတွက် တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေဟာလည်းပဲ ဒီနေ့အထိ ဖြတ် တောက်၊ ပယ်ဖျက်၊ ပြင်ဆင်ခြင်းမရှိတဲ့အတွက် ခံစားခွင့်ကို ဆက်လက်ပြီးရရှိသင့်ကြောင်းနဲ့ တကယ်

လို့လိုအပ်ပါက ပြည်သူ့လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုရှင် ဦးဉာဏ်ဆွေဝင်း တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပြီးတော့ သက်ဆိုင်ရာ ပြည်ထောင်စုအဖွဲ့အစည်းဝင်ကလည်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားတာရှိပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ယူရမှာဖြစ်ပါတယ်။ အဆိုရှင် ဦးဉာဏ်ဆွေဝင်းအနေနဲ့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူလိုကြောင်း ပြောသွားတဲ့အတွက် ကျွန်တော်တို့လွှတ်တော်ကနေပြီးတော့ ဦးဉာဏ်ဆွေဝင်းရဲ့အဆိုနဲ့ပတ်သက်ပြီးတော့ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ပဲ ဆုံးဖြတ်ပေးသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆန္ဒမဲပေးဖို့အတွက် အသင့်ပြင်ထားကြစေလိုပါတယ်။ စက်ခန်းက ဆန္ဒမဲပေးဖို့အတွက် ဆောင်ရွက်ပေးပါ။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဒုတိယဥက္ကဋ္ဌ။** ။ အခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကတော့ ထောက်ခံဆန္ဒမဲ ၂၅၂ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၂၉ မဲနဲ့ ကြားနေဆန္ဒမဲ ၁၁ မဲ စုစုပေါင်း ၂၉၂ မဲဖြစ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးဉာဏ်ဆွေဝင်းတင်သွင်းတဲ့ တည်ဆဲနိုင်ငံရေးပင်စင်ဥပဒေနှင့်အညီ နိုင်ငံရေးပင်စင်ခံစားခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့တဲ့ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ၂၅-၁၁-၂၀၁၄ ရက်နေ့မှာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် ၁၆ ချက ကို သဘောတူသင့်ကြောင်းနှင့် ၁၁ ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာခဲ့ပါတယ်။ မြန်မာ့ကမ်းရိုး တန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့ ၁၆ ချက်ကို တင်ပြဖို့အတွက် ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ကိုယ်စား မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ စိစစ်တွေ့ရှိချက်ကို လွှတ်တော်သို့တင်ပြသွားမှာ ဖြစ်ပါတယ်။ အထက်ပါ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းလာသော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ (၁၆-၁၀-၂၀၁၄ ရက်နေ့)တွင် အတည်ပြု ခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၂၀-၁၁-၂၀၁၄ ရက် နေ့တွင်ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးမှ ပြင်ဆင်ချက်များဖြင့် သဘောတူပါ ကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၃၄)ရက်မြောက်နေ့ဖြစ်သည့် ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၂၇-၁၁-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး ပြင်ဆင်ချက်အဆို တင်သွင်းနိုင်ကြောင်းကြေညာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်မှ ဆွေးနွေးပြင်ဆင်ချက်အဆို တင်သွင်းလာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၂၉-၁-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်အဆို တင်သွင်း

ခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆိုင်ရာကော်မတီအဖွဲ့ဝင်များနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသား လွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့် အချက်များအနက်မှ အောက်ပါအချက် ၁၆ ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းလက်ခံရန် သဘောတူခဲ့ပါတယ်။ အမှတ်စဉ် ၁ အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)၊ အမှတ်စဉ် ၂ အခန်း (၂) အပိုဒ် ၄ အပိုဒ်ခွဲ(ဇ)၊ အမှတ်စဉ် ၃ အခန်း (၃) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဆ) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၈ ကိုပယ်ဖျက် ခြင်း၊ အမှတ်စဉ် ၄ အခန်း (၅) အပိုဒ် ၁၁၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၅ အခန်း (၇) အခန်းခေါင်းစဉ် အပိုဒ် ၁၇ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၆ အခန်း(၁၀) အပိုဒ် ၂၇၊ အပိုဒ် ၂၉။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမျိုးသားလွှတ်တော်ပြင်ဆင်အတည်ပြုချက် ၁၆ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၁၆ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ၁၆ ချက်ကို အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနဲ့ ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် ဥပဒေနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲ ချက် ၁၁ ချက်ကိုတင်ပြဖို့အတွက် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များအတိုင်း သဘောမတူဘဲ သဘောထားကွဲလွဲသည့်အချက် ၁၁ ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။ အမှတ်စဉ် ၁ အခန်း (၁) ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ည)၊ အမှတ်စဉ် ၂ အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲ(င)နှင့် အပိုဒ်ခွဲ(စ)၊ အမှတ်စဉ် ၃ အခန်း (၄) အပိုဒ် ၆ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(ဆ)၊ အမှတ်စဉ် ၄ အခန်း (၆) အပိုဒ် ၁၅ အပိုဒ်ခွဲ(က)၊ အမှတ်စဉ် ၅ အခန်း (၉) အပိုဒ် ၂၃ အပိုဒ်ခွဲ(ခ)၊ အမှတ်စဉ် ၆ အခန်း (၁၀) အပိုဒ် ၂၈။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့၏ သဘောထားကွဲလွဲချက်ဖြစ်သည့် အချက် ၁၁ ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစား စွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ၁၁ ချက်ကိုအမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် အတိုင်း သဘောမတူကြောင်း ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်ကိုအတည်ပြုရန်အတွက် လွှတ်တော် ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့ အတွက် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး သဘောကွဲလွဲချက် ၁၁ ချက်အား အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် အတိုင်း သဘောမတူကြောင်း တင်ပြခြင်းကိုလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များမှ ၁၁ ချက်ကို လွှတ်တော်က သဘောမတူကြောင်း အတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုတင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်နဲ့အမျိုးသားလွှတ်တော် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲခဲ့တဲ့အချက် ၁၁ ချက်ကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ဖို့ တင်ပြသင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ တင်သွင်းသော မြန်မာ့ကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း အဆိုကိုထောက်ခံပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ အချက် ၁၁ ချက်နဲ့ ပတ်သက်ပြီး သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ရဲ့သဘောထားကို ရယူမှာဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်က သဘာတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့သော မြန်မာ့ကမ်းရိုးတမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည်ဆွေးနွေးခဲ့ရာတွင် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအနက် သဘောကွဲလွဲတဲ့အချက် ၁၁ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားမှာဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

အချိန်၊ ၁၁း၀၅။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**